
# အဆုတ်ရောဂါအကြောင်း သိကောင်းစရာ




☆မိမိနိုင်ငံမှထွက်ခွာလာပြီး ဘာသာစကားနှင့်ဓလေ့ထုံးစံမတူသောဒေသတွင် စိတ်ဖိစီးမှုကိုအနည်းနှင့် အများခံစားရမည်ဟုထင်ပါသည်။စိတ်ဖိစီးမှုသည် ကိုယ်ခံအားကိုလျော့ပါးစေပြီး ကိုယ်ခံအားလျော့ပါးပါက အဆုတ်ရောဂါဖြစ်နိုင်သည့်ရာခိုင်နှုန်း မြင့်မားလာမည်ဖြစ်သည်။ နေထိုင်မကောင်းဖြစ်ပါက ဖုံးကွယ်၊ ဟန်ဆောင်ခြင်းမရှိပဲ စီမံကြီးကြပ်သည့်အဖွဲ့အစည်း သို့မဟုတ် သုတေသနဌာနရှိ ဝန်ထမ်းများထံသို့ ဆွေးနွေးတိုင်ပင်နိုင်ပါသည်။


## နိုင်ငံခြားသား အဆုတ်ရောဂါဝေဒနာရှင်များ၏အခြေအနေ

<အသစ်မှတ်တမ်းဝင်နိုင်ငံခြားသား အဆုတ်ရောဂါဖြစ်ပွားသူ အရေအတွက်၊ ရာခိုင်နှုန်းနှင့် အသက်အပိုင်းအခြား ၊ ၂၀၂၂-ခုနှစ်>





အများအားဖြင့် ၅၀ ရာခိုင်နှုန်းခန့်က အသက် ၂၀ မှ ၂၉-နှစ်အတွင်း ဖြစ်ပြီး ငယ်ရွယ်သူများဖြစ်ကြသည်။

<နိုင်ငံခြားသားအဆုတ်ရောဂါဝေဒနာရှင်များ၏ မွေးဖွားရာနိုင်ငံ>




အာရှနိုင်ငံသားများကအများစုဖြစ်ကြသည်။

<နိုင်ငံခြားသား အဆုတ်ရောဂါဝေဒနာရှင်များ၏ ဂျပန်နိုင်ငံသို့ဝင်ရောက်ချိန်နှင့် အသက်အရွယ် အပိုင်းအခြား၊ ၂၀၂၂-ခုနှစ်>




☐ လွန်ခဲ့သော(၅)နှစ်မတိုင်မီအချိန်အထိ ဂျပန်နိုင်ငံသို့ ဝင်ရောက်လာသည့် အချိန်ကာလအပိုင်းအခြား များ၏ မှတ်တမ်းမရှိပါ။

■ ယခု(၅)နှစ်အတွင်းဂျပန်နိုင်ငံသို့ဝင်ရောက်လာသူများ

အသက်နှစ်ဆယ်အောက်ငယ်ရွယ်သူများတွင် တဝက်ကျော်က ဂျပန်နိုင်ငံသို့ဝင်ရောက်လာပြီး ငါးနှစ်အတွင်း အဆုတ်ရောဂါစတင်ဖြစ်ပွားကြသည်။

## အဆုတ်ရောဂါ ဆိုသည်မှာ

- အဆုတ်ရောဂါဝေဒနာရှင်များ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်း များအားဖြင့် လေထဲတွင်လွင့်ပါးနေသော အဆုတ်ရောဂါပိုးကို ရှူမိခြင်းအားဖြင့် ရောဂါကူးစက်နိုင်ပါသည်။(လေထုထဲမှကူးစက်ခြင်း)
- ကူးစက်ခြင်းဆိုသည်မှာ အဆုတ်ရောဂါပိုးက ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နေပြီး လှုပ်ရှားမှုမရှိသော အခြေအနေကိုခေါ်ဆိုသည်။
- ရောဂါဖြစ်ပွားခြင်းသည် အဆုတ်ရောဂါပိုးက လူ၏ခန္ဓာကိုယ်အတွင်းတိုးပွားလာပြီး ရောဂါဖြစ်စေသည့် အခြေအနေကိုခေါ်ဆိုသည်။

ကူးစက်ခြင်းခံရသည့်လူတိုင်းက ရောဂါဖြစ်ပွားမည်မဟုတ်ပါ။

【အဓိကကျသော ရောဂါလက္ခဏာများ】




【အခြားသောရောဂါလက္ခဏာများ】 ယခုတလော ညအိပ်ချိန်တွင်ချွေးထွက်ခြင်း၊ ကိုယ်အလေးချိန် လျော့လာခြင်း။

◎အထက်ဖော်ပြပါရောဂါလက္ခဏာများသည် အအေးမိခြင်းနှင့်တူသည့်အတွက် ရောဂါလက္ခဏာ ကြာရှည်နေခြင်းက ကွဲပြားသည့်အချက်ဖြစ်သည်။ ဤကဲ့သို့ ရောဂါလက္ခဏာများ နှစ်ပတ်ကျော်နေပါက သက်ဆိုင်ရာစီမံကြီးကြပ်သည့်အဖွဲ့အစည်း သို့မဟုတ် သုတေသနဌာနဝန်ထမ်းများထံသို့ဆွေးနွေးမေးမြန်းပါရန်။

## ရောဂါကုသခြင်းဆိုင်ရာ

အဆုတ်ရောဂါသည် ဆေးသောက်ကုသခြင်းအားဖြင့်ပျောက်ကင်းနိုင်သော ရောဂါဖြစ်သည်။ !

◎အဆုတ်ရောဂါဖြစ်ပွားနေသည်ဟုစစ်ဆေးတွေ့ရှိပါက ဆေးအမျိုးအစားအနည်းငယ်ကို ခြောက်လမှ ကိုးလကြာအောင် နေ့စဉ်သောက်သုံးရမည်ဖြစ်သည်။

※ရောဂါလက္ခဏာနှင့် အခြေအနေအပေါ်မူတည်၍ ဆေးသောက်ရသည့်ကာလကြာရှည်နိုင်ခြင်းများလည်း ရှိသည်။

◎ဆေးကုသမှုပြီးဆုံးသည်အထိ နေ့စဉ်မပျက်မကွက်ဆေးသောက်ရန်လိုအပ်သည်။

## ဆေးကုသခြင်းဆိုင်ရာကူညီပံ့ပိုးခြင်းစနစ်နှင့်ပတ်သက်၍

◎အဆုတ်ရောဂါကုသမှုခံယူသည့် ကုန်ကျစရိတ်နှင့်ပတ်သက်၍ ကူးစက်ရောဂါဆိုင်ရာ၍ဥပဒေအရ နိုင်ငံနှင့် သက်ဆိုင်ရာနေထိုင်သည့်ဒေသတို့မှ ဆေးကုသစရိတ်ကူညီပံ့ပိုးပေးခြင်းများရှိပါသည်။


◎ဂျပန်ဘာသာနှင့်ရှင်းပြသောအခါတွင် နားလည်ရန်ခက်ခဲပါက လိုအပ်သောအချိန်တွင် စကားပြန်ကိုအသုံးပြုနိုင်ပါသည်၊

## ကာကွယ်ခြင်းဆိုင်ရာ

(၁) လိုအပ်သောခန္ဓာကိုယ်လှုပ်ရှားမှု (၂) လုံလောက်သောအိပ်စက်ခြင်း (၃) အဟာရပြည့်ဝအောင်စားသောက်ခြင်း
(၄) ဆေးလိပ်မသောက်ခြင်း
(၅) အလုပ်ခွင်မှပြုလုပ်သောကျန်းမာရေးစစ်ဆေးခြင်း(ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်းအပါအဝင်) တို့ကိုခံယူပါ



**☆ရောဂါကိုစောစောတွေ့ရှိပြီး၊ လျင်မြန်စွာစစ်ဆေးကုသမှုခံယူခြင်းက အရေးကြီးသည်။**
**☆ပတ်ဝန်းကျင်ရှိလူများကို ကူးစက်နိုင်သည့်အခြေအနေမရှိပါက ဆေးသောက်ကုသမှုကိုခံယူရင်း အလုပ်၊ ကျောင်းသို့သွားရောက်နိုင်သည်။**
**☆အဆုတ်ရောဂါဖြစ်သည်ဟုဆေးစစ်ချက်ထွက်ပါက ကျန်းမာရေးဌာနမှ ကူညီပံ့ပိုးပေးမည်ဖြစ်သည်။**




ရင်းမြစ်- တီဘီရောဂါကာကွယ်ရေးအသင်း
အိုဆာကာစီရင်စု Izumisano ကျန်းမာရေးစင်တာမှ ဖန်တီးထားသည်။